# ၁၉၅၄ ခုနှစ်၊ ချင်းရေးရာကောင်စီ သဘာပတိနှင့် ဒုတိယသဘာပတိလစာနှင့် စရိတ်ကြေးငွေများအက်ဥပဒေ

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၈] (၁၉၅၄ ခု၊ စက်တင်ဘာလ ၁ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ချင်းရေးရာကောင်စီ သဘာပတိနှင့် ဒုတိယ သဘာပတိလစာနှင့် စရိတ်ကြေးငွေများအက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၅၄ ခု၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင် အာဏာ တည်ရမည်။

၂။ (၁) ချင်းရေးရာကောင်စီ သဘာပတိအား လစဉ်တလလျှင် လစာငွေ ၁,၂၅၀ ကျပ် (တထောင်နှစ်ရာငါးဆယ်ကျပ်) နှင့် ဒုတိယသဘာပတိအား တလလျှင် လစာငွေ ၆၀၀ ကျပ် (ခြောက်ရာကျပ်) ကို ပေးရမည်။

(၂) ချင်းရေးရာကောင်စီ သဘာပတိအား နေအိမ်နှင့် ယာဉ် အစား၊ တလလျှင် စရိတ်ငွေ ၁၅၀ ကျပ် (တရာ့ငါးဆယ်ကျပ်) ပေးရမည်။

၃။ ချင်းရေးရာကောင်စီ သဘာပတိမှာ၊ သို့တည်းမဟုတ် ဒုတိယသဘာပတိမှာ ချင်းရေးရာ ဝန်ကြီး၏ ညွှန်ကြားချက်အရ၊ ပြည်သူ့အကျိုးအတွက်သော်၎င်း၊ ပြည်ထောင်စုအစိုးရကိစ္စနှင့် သော်၎င်း နယ်လှည့်ခရီးထွက်ရသည့်အခါ၊ နေ့တွက်စရိတ်ကို ဖြစ်စေ၊ ရပ်နားစရိတ်ကို ဖြစ်စေ၊ ခရီး စရိတ်ကိုဖြစ်စေ မြန်မာနိုင်ငံတော်ခရီးစရိတ် နည်းဥပဒေများအရ ရယူခွင့်ရှိရမည်။

၄။ ချင်းရေးရာကောင်စီ သဘာပတိသည် ရာထူးလက်ရှိ ကာလအတွင်းတွင် သဘာပတိ ရာထူးဆိုင်ရာ တာဝန်ဝတ်တရားများကို ဆောင်ရွက်အပ်သည်မှတပါး၊ အတတ်ပညာဖြင့် ဥစ္စာရှာသော အခြားမည်သည့် အသက်မွေးမှုမျိုးကိုမျှ မပြုရ။ သို့တည်းမဟုတ် မည်သည့် ကုန်သွယ် ရောင်းဝယ်မှု၌မျှ ပါဝင်လုပ်ကိုင်ခြင်း မပြုရ။ သို့တည်းမဟုတ် အခြားမည်သည့် အလုပ်အကိုင်မျိုး ကိုမျှ အခကြေးငွေဥစ္စာအတွက် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၅။ ချင်းရေးရာကောင်စီ သဘာပတိ ရာထူး၌ဖြစ်စေ၊ ဒုတိယ သဘာပတိ ရာထူး၌ ဖြစ်စေ ထမ်းရွက်နေသည်ဖြစ်သောကြောင့်၊ ထိုသို့ ထမ်းရွက်နေသောသူ၌ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ် ရပ်၏ အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သော အမတ်အဖြစ်ဖြင့် တည်နေရန် သော်၎င်း၊ အရည်အချင်း ပျက်ယွင်းခြင်း မရှိစေရ။

၆။ ၁၉၅၂ ခုနှစ်၊ ချင်းရေးရာကောင်စီ သဘာပတိ၏ လစာနှင့် စရိတ်ကြေးငွေအက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၅) ကို ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

======================================